# နိုင်ငံခြားသားအပေါ် မှီခိုသူများအတွက် သာမန်မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုးခြင်း

(၁) သံရုံးဝက်ဘ်ဆိုက်တွင် ဖော်ပြထားသော မနလသက်တမ်းတိုးလျှောက်လွှာ အား ပြည့်စုံစွာ ဖြည့်စွက်တင်ပြရန် ဖြစ်ပါသည်။

(၂) ကိုယ်ရေးရာဇဝင်များနှင့် ရောင်စုံဓါတ်ပုံ(၁)ပုံစီ -(ဓါတ်ပုံမှာ- ၃၅ x ၄၅ mm အရွယ်အစား၊ ရောင်စုံဓါတ်ပုံ-နောက်ခံအဖြူ၊ နားရွက်ပေါ်၍ မျက်နှာတွင် ဆံပင်ဖုံးအုပ်ခြင်း မရှိစေရပါ။ မျက်မှန်တပ်ဆင်ထားခြင်းမရှိရပါ။ (၂)လအတွင်း ရိုက်ကူးထားသော ဓါတ်ပုံဖြစ်ရပါမည်။)

(၃) လက်ရှိကိုင်ဆောင်ထားသောမနလစာအုပ်မိတ္တူ နှင့် ယခင်မနလစာအုပ်အဟောင်းများ မိတ္တူ တင်ပြရန် ဖြစ်ပါသည်။ (မနလ၏ ဓါတ်ပုံ နှင့် အချက်အလက်များပါရှိသော ရှေ့စာမျက်နှာ အပါအဝင် အသုံးပြုပြီးသော စာမျက်နှာအားလုံး)

(၄) Resident card မိတ္တူ(၁)စုံ တင်ပြရန် ဖြစ်ပါသည်။

(၅) ဂျပန်မြို့နယ်ရုံးမှ ထုတ်ပေးထားသော လက်ရှိမိသားစုစာရင်းမူရင်း တင်ပြရန် ဖြစ်ပါသည်။

(၆) သံရုံးမှ ထုတ်ပေးထားသည့် မှီခိုသူဖြစ်ကြောင်း ထောက်ခံစာ တင်ပြရန် ဖြစ်ပါသည်။

(မှီခိုသူထောက်ခံစာ မလျှောက်ထားရသေးပါက- ကိုယ်ရေးရာဇဝင်၊ ဓါတ်ပုံ(၁)ပုံ၊ လျှောက်ထားသူ၏ မနလမိတ္တူ၊ လက်ထပ်စာချုပ်မိတ္တူ၊ လက်ရှိမိသားစုစာရင်း၊ အပြန်လေယာဉ်စရိတ် ပေးသွင်းထားသည့် ပြေစာမိတ္တူ (သို့) သံရုံးမှ အပြန်လေယာဉ်စရိတ် ပေးသွင်းထားပြီး မှီခိုသူအဖြစ် သတ်မှတ်ပေးထား
သည့် စာမိတ္တူတို့ဖြင့် လျှောက်ထားရပါသည်။) ခင်ပွန်း၏ Passport Copy (သို့မဟုတ်) ယာဉ်မောင်းလိုင်စင်မိတ္တူ တင်ပြရပါမည်။

(၇) လျှောက်ထားသူသည် ဂျပန်နိုင်ငံသို့ ရောက်ရှိပြီး လက်မထပ်မီ ကျောင်းတက်ရောက်ခဲ့ဖူးသူဖြစ်ပါက ကျောင်းတက်သည့်ကာလ၊ ကျောင်းထောက်ခံစာ/ဘွဲ့လက်မှတ်မိတ္တူ တင်ပြရန်ဖြစ်ပါသည်။

(၈) မနလလဲလှယ်ကြေးမှာ ယန်း ၆,၀၀၀/- ဖြစ်ပါသည်။

(၉) မနလသက်တမ်း(၆)လထက်လျော့နည်း၍ ကျန်ရှိသူများသည် သက်တမ်းတိုးလျှောက်ထားနိုင်မည် ဖြစ်ပါသည်။

(၁၀) စာတိုက်မှလျှောက်ထားသူများမှာ နိုင်ငံကူးလက်မှတ် ပြန်လည်ပေးပို့နိုင်ရန်အတွက် Letter Pack ၅၂၀ စာအိတ်အလွတ်တစ်အိတ် တစ်အိတ်၌ စာတိုက်အမှတ်၊ လိပ်စာ၊ အမည်နှင့် ဖုန်းနံပါတ်များဖြည့်စွက်ပြီး ပူးတွဲ ထည့်ပေးရပါမည်။ လက်ဗွေပုံစံတွင် လက်ဗွေနှိပ်ခြင်း၊ လိုအပ်သည်များ ဖြည့်စွက်ခြင်း ပြုလုပ်၍ တစ်ပါတည်း ထည့်ပေးရန်ဖြစ်ပါသည်။

(၁၁) စာတိုက်မှလျှောက်ထားသူများမှ နိုင်ငံကူးလက်မှတ်မူရင်း တစ်ပါတည်းထည့်ပေးရပါမည်။

(၁၂) စာတိုက်မှ လျှောက်ထားစဉ်က ပေးပို့ခဲ့သည့် Letter Pack ၅၂၀ စာအိတ်အလွတ်တစ်အိတ် ဖြင့် သံရုံးမှ နိုင်ငံကူးလက်မှတ်အသစ်ကို ပြန်လည်ပေးပို့သွားမည်ဖြစ်ပါသည်။

(၁၃) လျှောက်ထားသူများအနေဖြင့် ကျသင့်ငွေများအား Sumitomo Mitsui Bank Corporation (SMBC)၊ Gotanda Branch၊ Current Account #၄၀၃၅၀၀၈ ၊ Myanmar Embassy, Tel: ၀၃-၃၄၄၁-၉၂၉၁ သို့ ပေးသွင်းထားသည့် ဘဏ်ချလံ(မူရင်း) အား လျှောက်ထားသည့်အချိန်တွင် ပူးတွဲတင်ပြရန်ဖြစ်ပါသည်။

(၁၄) လျှောက်ထားသူများအနေဖြင့် အထက်ဖော်ပြပါ နိုင်ငံကူးလက်မှတ်
သက်တမ်းတိုးခြင်းဆိုင်ရာ စာရွက်စာတမ်းများ စုံလင်စွာဖြင့် လျှောက်ထားရမည်ဖြစ်ပြီး
စာရွက်စာတမ်းစုံလင်မှ သံရုံးသို့ စာတိုက်မှ ပေးပို့သွားကြရန်ဖြစ်ပါသည်။

(၁၅) လိုအပ်ပါက သံရုံးမှ ထပ်မံတောင်းခံမည့် အထောက်အထားများ တင်ပြရမည် ဖြစ်ပါသည်။

မနလ - သာမန်မြန်မာနိုင်ငံကူးလက်မှတ်